ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံပုံစံပြောင်းလဲပြင်ဆင်ခွင့် ( Revised Plan)လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်-

(၁) မြေပိုင်ဆိုင်မှုအထောက်အထားပါအတိုင်းအတာ၊ အဆိုပြုပုံစံပါအတိုင်းအတာ၊ မြေပြင်ရှိ မြေကွက်အတိုင်းအတာတို့ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း

(၂) မူလခွင့်ပြုထားသော ပုံစံနှင့် ပြောင်းလဲပြင်ဆင်ဆောင်ရွက်မည့်ပုံစံတို့ကို စစ်ဆေးခြင်း

(၃) ပြောင်းလဲပြင်ဆင်ခွင့်( Revised Plan )တင်ပြလာသောပုံစံနှင့် မြေပြင်တွင် ဆောင်ရွက်ထားမှုကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း

(၄) အဆိုပြုမြေကွက်သို့ ဆက်စပ်မြေကွက်များမှ အဆောက်အအုံ အစိတ်အပိုင်းများ လေကျူးကျော်ခြင်း၊ မြေကျူးကျော်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း

(၅) ပြောင်းလဲပြင်ဆင်မည့်အဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားလိုင်း အကွာအဝေး စစ်ဆေးခြင်း

(၆) အမှုတွဲ၌ တင်ပြထားသည့် ဘေးအိမ်နှင့် ပတ်ဝန်းကျင်နေထိုင်သူတို့၏ ထောက်ခံချက်များကို စစ်ဆေးခြင်း